ကိုရင်။ ။ဝိပဿနာဘာဝနာ ဆိုဒါကတော့ ဘယ်လိုဟာ မျိုးပါလဲ အရှင်ဘုရား။

ဆရာ။ ။ဝိပဿနာဘာဝနာဆိုတာကတော့မိမိခန္ဓာကိုယ်နှင့် တကွ တလောကလုံးရှိ အရာဝတ္ထုတွေကို အနိစ္စ ဒုက္ခ အနတ္တ (မမြဲပုံ့ မကောင်းပုံ့ အနှစ် အတ္တ မဟုတ်ပုံကို) သိအောင် မြင်အောင် ရှုရ ဆင်ခြင် ရတဲ့ ဘာဝနာ ဖြစ်တယ်။ [ဝိ= အထူးထူး အထွေထွေ (အနိစ္စ ဟုဂုင်း၊ ဒုက္ခ ဟုဂုင်း၊ အနတ္တ ဟုဂုင်း) ပဿနာ=ရှုတတ်သော ဉာဏ်။]

ကိုရင်။ ။ဒီလို ဝိပဿနာ ရှုနေတာကတော့ ဘာအကျိုး ရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။ဒီလို ရှုတတ်တဲ့ဉာဏ် အမြင်သန်လာတော့ လောကကြီး တခုလုံး ဘာအသုံးမှ မကျပါတကားလို့ သိမြင်လာတယ်၊ အဲဒီလို သိမြင်လာတဲ့အခါ မိမိ ကိုယ်နှင့်တကွ လောကကြီးဟာ ငြီးငွေ့စရာ စက် ဆုပ်စရာလို့ ထင်မြင်လာတယ်၊ ဒီလို ထင်မြင် လာတဲ့ အခါကြမှ လောကကြီးနှင့် တဘက် တလမ်းဖြစ်ပြီး ခိုင်မြဲသော ချမ်းသာသော အေးမြ သော နိဗ္ဗာန်ကို သဘောပေါက်လာတယ်၊ ဒီလို ဝိပဿနာဉာဏ်မရှိသမျှ "နိဗ္ဗာန်မြန်မြန်ရပါလို၏" ဟု ဆုသာတောင်းကြတာ၊ အဟုတ်တော့ မလို ချင်ပါဘူး၊ ဒါ့ကြောင့် ဝိပဿနာ ရှုခြင်းဟာ နိဗ္ဗာန်ကို မြန်မြန် မြင်ရခြင်း အကျိုးရှိတယ်။